## စစ်အုပ်စုအဆက်ဆက် အရင်းအနှီးစုဆောင်းကြပုံများ

## (၆ - ၈ - ၂၀၁၁)

(၁) အရင်းအနှီးဆိုတာထဲမှာ ဥစ္စာဓနအရင်းအနှီးသာမက တခြားသော အတတ်ပညာများ၊ အဆက်အသွယ်များစတဲ့ စီးပွားကုန်သွယ်ရေးဆိုင်ရာ ပညာများကိုပါ စုဆောင်းကြတာကိုပါ ချုံ့ပြီးပြောတာ ဖြစ်ပါတယ်။

(၂) စစ်အုပ်စု စပေါ်စက "ဖဆပလ အစိုးရ" ကိုပဲ မှီခိုရတယ်။ အစိုးရအဖွဲ့ထဲမှာပါတဲ့ ဆိုရှယ်လစ်ဝန်ကြီးတွေက စစ်အုပ်စု တောင်းဆိုတဲ့ ငွေကြေးအရင်းအနှီးကို ပေးလိုပေမယ့် ဝန်ကြီးချုပ်ဦးနုနဲ့ တခြားဝန်ကြီးတွေကပါ သဘောတူမှ ရတာပဲ။ အစိုးရဘတ်ဂျက်ထဲကပဲ ပေးနိုင်တာ ဖြစ်တယ်။ ဦးနုက အခရာပဲ။

'စိတ်ဓာတ်စစ်ဆင်ရေးဌာန' တခု တိုးချဲ့ဖွဲ့ဖို့ ငွေကြေးချပေးဖို့ ဦးနုကို နားသွင်းရတယ်။ စာနယ်ဇင်းလောကမှာ လက်ဝဲအင်အားစုတွေ ကြီးစိုးနေတယ်။ ဒါကို ဆန့်ကျင်ဖို့၊ ဗကပ ကို စိတ်ဓာတ်ရေးအရ ဆန့်ကျင်ဖို့ တပ်မတော်ရဲ့ စာနယ်ဇင်းလုပ်ငန်း ရှိဖို့လိုကြောင်း ဦးနု သဘောပေါက်အောင် ပြောရတယ်။ ဦးနု သဘောပေါက်တော့မှ စိတ်ဓာတ်စစ်ဆင်ရေးဌာနဖွဲ့ဖို့၊ စာနယ်ဇင်းထုတ်ဖို့ ငွေကြေးရလာတယ်။ မြဝတီမဂ္ဂဇင်း အပါအဝင် စာနယ်ဇင်းတချို့ ထုတ်ဝေတယ်။ 'အလင်းရောက်' နာမည်ခံ 'စာရေးဆရာ' တွေ မွေးထုတ်တယ်။ စာတည်းတဲ့အလုပ်၊ အယ်ဒီတာအလုပ်၊ စာနယ်ဇင်းထုတ်ဝေတဲ့ အတတ်ပညာကို စိတ်ဓာတ်စစ်ဆင်ရေး စစ်ဗိုလ်တွေ ရရှိသွားတယ်။ နောက်တော့ စီးပွားရေး လုပ်ငန်းကြီးတွေပါ တိုးချဲ့လာလိုက်တာ 'တပ်မတော်ပိုင်' ပင်လယ်ကူးသင်္ဘောလုပ်ငန်း၊ ပြည်ပကူးသန်းရောင်းဝယ်ရေး၊ ဘဏ်လုပ်ငန်းစတာတွေ ပေါ်လာတယ်။ အဲဒီလိုနဲ့ စီးပွားကုန်သွယ်ပညာတွေနဲ့ အရင်းအနှီးတွေ စုဆောင်းမိလာကြတယ်။ ပြည်ပအဆက်အသွယ်တွေ ရလာတယ်။ ဗိုလ်အောင်ကြီးတို့တတွေ ခြေဖျားထောက်လာတယ်။ သူတို့ကိုယ်သူတို့ 'စီးပွားရေးမှာ ငါဆရာ' လို့ အထင်ရောက်တယ်။ ဘဝင်မြင့်လာတယ်။ စာပေနယ်၊ စီးပွားရေးနယ်က ပညာတွေ စုဆောင်းမိလာတော့ သူတို့တတွေ အကြံကြီးလာတယ်။ ဖဆပလ အစိုးရဝန်ကြီးချုပ်ကတဆင့် ငွေတောင်းခံနေရတာကို သဘောမတွေ့တော့ဘူး။ သူတို့ဆရာ 'ဆွေပြိမ်း' ကလည်း အာဏာရဖို့ဝေးပြီ။ ဒါကြောင့် 'အစိုးရအာဏာ' ကိုရဖို့ ကြံဖန်ကြတယ်။

ဦးနုက ပမညတ အကူအညီနဲ့ အာဏာဆက်ယူနေတာကို ရှေ့တန်းမှာ 'ဗကပ' ကို တိုက်နေတဲ့ အထက်ဗမာပြည်စစ်တိုင်းက တိုင်းမှူးနဲ့ စစ်ဗိုလ်ကြီးတွေက မကျေနပ်ကြဘူး။ ကျွန်တော်တို့ စစ်ရုံးက စစ်ဗိုလ်တွေလည်း မထိန်းနိုင်တော့ဘူးဆိုပြီး အာဏာသွားတောင်းခဲ့တာပဲ။ အာဏာရလာတယ်။ အိမ်စောင့်အစိုးရ ပေါ်လာတယ်။ အဲဒီအခါကျတော့ အုပ်ချုပ်ရေးပညာအရင်းအနှီး စုဆောင်းကြပြန်တယ်။ 'အိမ်စောင့်အစိုးရ' ဆိုတာက နယ်ဘက်ဗျူရိုကရက်အရာရှိကြီး မိုးကျရွှေကိုယ်တွေနဲ့ စစ်ဘက်ဗျူရိုကရက်များရဲ့ ပူးတွဲအုပ်ချုပ်ရေးအဖွဲ့ပဲ။ မိုးကျရွှေကိုယ်တွေဆီက အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေးပညာတွေကို လေ့လာဆည်းပူးကြတာပဲ။

၁၉၆၂ မှာ အာဏာသိမ်းတော့ ဝန်ကြီး (တာဝန်ခံ) လုပ်ကြသူတွေ အားလုံးဟာ အိမ်စောင့်ကာလမှာ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေးပညာ အရင်းအနှီး စုဆောင်းခဲ့ကြသူတွေပဲ ဖြစ်တယ်။

အစိုးရအာဏာကို ရာသက်ပန် သိမ်းပိုက်ပြီးတော့ ဥစ္စာဓနစုဆောင်းတဲ့အလုပ်ကို လက်ရဲဇက်ရဲ လုပ်ကြတော့တာပဲ။

(၃) တော်လှန်ရေးကောင်စီကာလ ဝန်ကြီး (စစ်ဗိုလ်) တွေရော၊ '၁၉၇၄ အခြေခံဥပဒေ' နောက်ပိုင်း အစိုးရရဲ့ ဝန်ကြီးတွေပါ ဥစ္စာအရင်းအနှီးကို စုဆောင်းကြတာမှာ လက်ရဲဇက်ရဲ ရှိကြတယ်။ 'ပြည်သူပိုင်သိမ်းတဲ့' ပုံစံနဲ့ စုဆောင်းတာက တမျိုး၊ 'ကော်ပိုရေးရှင်းကြီးတွေ' ပုံစံနဲ့ စုဆောင်းတာကတမျိုး၊ 'နိုင်ငံတော်သည် မြေအားလုံး၊ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်နှင့် လေထုအတွင်းရှိ သယံဇာတပစ္စည်း အားလုံး၏ ပင်ရင်းပိုင်ရှင် ဖြစ်သည်' ဆိုတဲ့ပုံစံနဲ့ စုဆောင်းတာကတမျိုး လုပ်ကြတယ်။

အဲဒီလိုနဲ့ အကြီးဆုံးဓနရှင်၊ အကြီးဆုံးမြေရှင်တွေ ဖြစ်လာကြတာပဲ။

(၄) 'ဆိုရှယ်လစ်တော်လှန်ရေး' ဆိုတာ လုပ်နေတုန်းက ခိုးကြောင်ခိုးဝှက် ဥစ္စာဓနစုဆောင်းရတယ်။ အခုတော့ ပုဂ္ဂလိကပိုင် ပြောင်လုပ်ကြတယ်။

နဝတ - နအဖ ခေတ်မှာ တံတားက ဘယ်နှစင်း၊ ကားလမ်း၊ ရထားလမ်းအသစ်က ဘယ်လောက် တည်ဆောက်ဖောက်လုပ်ခဲ့တယ် ဆိုတာကို ခဏခဏ ထုတ်ကြွားကြတယ်။ စစ်အာဏာရှင်စနစ်ရဲ့ ရှေ့နေများကလည်း လမ်းတွေ၊ တံတားတွေ၊ တိုက်တွေ ဘယ်လောက် တိုးတက်လာတယ်ဆိုတာကို ဆောင်းပါးရေးကောင်းချီးပေးကြတယ်။

အဲဒီတည်ဆောက်ရေး၊ ဖောက်လုပ်ရေးမှာ စစ်ဗိုလ်နဲ့ကန်ထရိုက် ဘယ်လိုပေါင်းပြီး စားကြသလဲဆိုတာကိုတော့ ဘယ်သူမှ မပြောကြဘူး။ မရေးကြဘူး။

ကမ္ဘာပေါ်မှာ အမြဲတမ်းစစ်တပ်တွေ ပေါ်ကတည်းက စစ်ဗိုလ်နဲ့ဆပ်ပလိုင်း၊ စစ်ဗိုလ်နဲ့ကန်ထရိုက် ပေါင်းစားခဲ့ကြတာပါ။

ဂျပန်စစ်တပ်ကို ကဇွန်းဥခြောက်တွေ၊ ဂုံလျော်အိတ်တွေ၊ ဝန်တင်နွားတွေ ပေးသွင်းရတဲ့ ဂျပန်ကိုယ်စားလှယ်အဝယ်တော်တွေ သူဌေးဖြစ်ကြတယ်။ အင်္ဂလိပ်တပ်ရောက်တော့ သူတို့ပဲ ဆပ်ပလိုင်းသူဌေးတွေ ဆက်ဖြစ်ကြတယ်။ လွတ်လပ်ရေးခေတ်ကျတော့လည်း စစ်ဗိုလ်နဲ့ ပေါင်းစားတဲ့ လိုင်စင်ရတွေ၊ ကန်ထရိုက်တွေ လုပ်ကြပြန်တာပဲ။

အခုဖောက်တဲ့လမ်း၊ ဆောက်တဲ့တံတားတွေ၊ ဆည်တွေ၊ စက်ရုံအလုပ်ရုံတွေ၊ ဘိလပ်မြေစက်လိုဟာတွေမှာ စစ်ဗိုလ်နဲ့ကန်ထရိုက် - လိုင်စင်ရ ပေါင်းစားနေကြတာ အထင်အရှားပဲ၊

(၅) မယားနဲ့သားသမီး လိမ်မာရင် အာဏာပိုင်စစ်ဗိုလ် အာပတ်လွတ်လုပ်နေကြတာလည်း သိပ်ထင်ရှားတယ်။

သာဓကလေးတခု ပေးပါမယ်။

မဆလ ခေတ်တုန်းက သမ္မတလင်မယား တရုတ်ပြည်သို့ တရားဝင်သွားလည်ကြတယ်။ တရုတ်က သံလျှင်တံတားထိုးပေးဖို့ စာချုပ်တယ်။

ဒီသတင်းကို သမ္မတကတော်ကသိတော့ ပြန်ရောက်ရောက်ချင်း တံတားထိုးမယ့် ပတ်ဝန်းကျင်က မြေတွေကို သိမ်းကြုံးဝယ်တယ်။ တံတားလည်း ထိုးပြီးရော အဲဒီမြေတွေက တန်ဖိုးကြီးမြေတွေဖြစ်ပြီး ပြန်ရောင်းတယ်။ ဥစ္စာခနေ အကြီးအကျယ်တိုးပွားသွားတယ်။

စစ်အစိုးရအဖွဲ့ဝင်ဟောင်းတွေ ဘယ်သူများ စားရမဲ့သောက်ရမဲ့ ဖြစ်နေသလဲ။ ဘယ်သူမှ မရှိပါဘူး။ စစ်ဗိုလ်ပင်စင်နဲ့ သူတို့နေထိုင် စားသောက်ကြသလား။ မဟုတ်ပါဘူး။ အာဏာရှိစဉ်က ဆောက်ထားတဲ့တိုက်ကို ဒေါ်လာနဲ့ ငှားစားနေကြတာပဲ။ စစ်ဗိုလ်ဝန်ကြီးဟောင်း တဦးရေးတဲ့ စာအုပ်မှာ သူရတဲ့ ပင်စင်ငွေကို ဖော်ပြထားတယ်။ အခု စားသောက်နေထိုင်နေတာက ဆောက်ထားတဲ့တိုက်ကို ဒေါ်လာနဲ့ ငှားစားနေတာပဲလို့ရေးတာ ဖတ်ရတယ်။

(၆) '၂၀၀၈ အခြေခံဥပဒေ' အရ ကာကွယ်ရေးဦးစီးချုပ်ကခန့်မယ့် အမတ်၊ ဝန်ကြီးတွေနဲ့ ကြံ့ဖွံ့ပါတီထောင်ပြီး ရွေးကောက်ပွဲဝင်ကာ အမတ်၊ ဝန်ကြီးဖြစ်မယ့် စစ်ဗိုလ် (ဟောင်း) တွေ ယှဉ်ရင် ဘယ်သူက ဥစ္စာခနေ ပိုပြီးစုဆောင်းနိုင်မလဲ။ ဆွဲခန့်က စုဆောင်းနိုင်မှာပဲ။ ကြံ့/ဖွံ့ ပါတီ ထောင်ရသူက ရွေးကောက်ပွဲစရိတ်တွေ ကုန်လိမ့်မယ်။ အမွေခွဲပေးလို့ရတဲ့ ဥစ္စာခနေက အသစ်မစုနိုင်ရင် ကြာလေခန်းလေ ဖြစ်မှာပဲ။ နိုင်ငံရေးပါတီ ဝန်ကြီး (ဟောင်း) တွေလို ဖြစ်မှာပဲ။ စုဆောင်းလိုက် နောက်လိုက်နောက်ပါတွေကို နောက်တခါရွေးကောက်ပွဲအတွက် ခွဲဝေပေးလိုက်ရနဲ့ တတိတတိ ဥစ္စာခနေလျော့ပါးလိမ့်မယ်။ တခြား မကြည့်နဲ့။ 'တစည' ကိုကြည့်။ သူတို့က အပျောက်ပေးရမယ့် (၅) သိန်းနဲ့ ရွေးကောက်ပွဲမဲဆွယ်ဖို့ သုံးရမယ့်စရိတ်တွက်ပြီး ချူသံပါအောင်ညည်းပြီ မဟုတ်လား။

ကြံ့/ဖွံ့ ပါတီလည်း နောင်မှာ ညည်းသံထွက်လာပါလိမ့်မယ်။

ရွေးကောက်ပွဲစရိတ်ကို (၂၀၁၀) ရွေးကောက်ပွဲဝင်ကြမယ့် ပါတီတိုင်း ပေသီးခေါက်နေကြရပြီ။ သူတို့ ငွေကြေးအရ တတ်နိုင်ကြပါ့မလား။ အဖေ့အမွေ လုံးပါးပါးတဲ့ဘဝ ခံနိုင်ကြမလား။

ပါတီသစ်ထောင်ပြီး ရွေးကောက်ပွဲ (ထိ) မှာ ဝင်ပြီး (ထိုး) ကြမယ့် ပါတီတွေအတွက်ကော ငွေကြေးတတ်နိုင်ကြပါ့မလား။ သူတို့အတွက် ပိုပြီးရင်မောရပါတယ်။

ကြံ့/ဖွံ့ ကတော့ အမွေရပါတီ။ ကံလိုက်ရင် ဝန်ကြီးဖြစ်မယ်။ ငွေပြန်ရှာလို့ ရမယ်ဆိုတဲ့ဇောက ရှိနေကြမှာပါ။